# စစ်ကိုင်းတိုင်းဒေသကြီးသတ္တုတွင်းဥပဒေ(မူကြမ်း)

( ၂၀၁၈ခုနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ။ )

၁၃၈၀ခုနှစ်၊ လ ရက်

( ၂၀၁၈ခုနှစ်၊ လ ရက် )

## နိဒါန်း

၂၀၁၈ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်နှင့် အဓိပ္ပါယ်ဖော်ပြချက်များ

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို စစ်ကိုင်းတိုင်းဒေသကြီး သတ္တုတွင်းဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသောအောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည်။

(က) **အစိုးရအဖွဲ့**ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုဆိုသည်။

(ခ) **ဝန်ကြီးဌာန**ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းရေးဝန်ကြီးဌာနကိုဆိုသည်။

(ဂ) **ဝန်ကြီး**ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးကိုဆိုသည်။

(ဃ) **ဦးစီးဌာန**ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး သတ္တုတွင်းဦးစီးဌာနကိုဆိုသည်။

(င) **ညွှန်ကြားရေးမှူး**ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးကိုဆိုသည်။

(စ) **စစ်ဆေးရေးအရာရှိ**ဆိုသည်မှာ စစ်ဆေးရေးအရာရှိချုပ်မှ တာဝန်ပေးအပ်ထားသော တိုင်းဒေသကြီး သတ္တုတွင်းဦးစီးဌာန ရုံးတာဝန်ခံကိုဆိုသည်။

(ဆ) တိုင်းဒေသကြီးလုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့ဆိုသည်မှာ တိုင်းဒေသကြီး အစိုးရအဖွဲ့က ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ထားသော အဖွဲ့ကိုဆိုသည်။

(ဇ) **သတ္တုတွင်း**ဆိုသည်မှာ ဓါတ်သတ္တုတူးဖော်သည့်နေရာ၊ ကလိုင်သို့မဟုတ် လုပ်ကွက်ကိုလည်းကောင်း၊ ဓါတ်သတ္တုတူးဖော်ရာနေရာ၊ ကလိုင် သို့မဟုတ် လုပ်ကွက်နှင့် တစ်ဆက်တစ်စပ်တည်းရှိသော နေရာတစ်ခုခု၌ ဓါတ်သတ္တုဆင့်တက် ပြုပြင်ရာတွင်ဖြစ်စေ၊ လုပ်ကိုင်သည့်လုပ်ငန်းအရပ်ရပ်၊ အဆောက်အဦ မြေနေရာနှင့် စက်ပစ္စည်း

ကိရိယာများကိုလည်းကောင်း ဆိုသည်။ ယင်းစကားရပ်တွင် စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းနှင့် ကျောက်များတူးဖော်သည့် ကျောက်ထုတ်စခန်းများလည်း ပါဝင်သည်။

(ဈ) **ဓါတ်သတ္တု**ဆိုသည်မှာ မြေထုမှ တူးဖော်၍သော်လည်းကောင်း၊ အခြားနည်းဖြင့်သော်လည်းကောင်းရရှိသည့် သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းနှင့် ကျောက်များကို ဆိုသည်။ ယင်းစကားရပ်တွင် မြစ်၊ ချောင်း၊ အင်းအိုင်ရှိ ရေအောက်ကြမ်းပြင်နှင့် ရေအောက်မြေမှ တူးဖော်ရရှိသည့် ဓါတ်သတ္တုများလည်း ပါဝင်သည်။

(ည) တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဆောင်ရွက်ခွင့်ရှိသည့် **သတ္တု** ဆိုသည်မှာ ရွှေ၊ ငွေ၊ ခဲ၊ ခဲမဖြူ၊ အဖြိုက်နက်၊ ရှီးလိုက်ရောရာ၊ ခနောက်စိမ်း၊ ခရိုမိုက်တို့ကိုဆိုသည်။ ယင်းစကားရပ်တွင် ပြည်ထောင်စုဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ အမိန့်ကြေငြာစာ ထုတ်ပြန်ပြီး သတ္တုဟူ၍ သတ်မှတ်သည့်ပစ္စည်းများလည်း ပါဝင်သည်။

(ဋ) **စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း**ဆိုသည်မှာ ကျောက်မီးသွေး၊ ထုံးကျောက်၊ ဂေါဒန်ကျောက်၊ ဘရိုက်တီးကျောက်၊ ဂရက်ဖိုက်၊ မင်းဂနီးစ်ဒိုင်အောက်ဆိုဒ်၊ ဒိုလိုမိုက်၊ ဖလိုရိုက်၊ မီးခံရွှံ့စေး၊ မီးခံမြေစေး၊ ရွှံ့စေးဖြူ၊ ကြွေကျောက်၊ မြေဖြူ၊ မြေနီ၊ မြေဝါ၊ ကန့်ကူဆံ၊ မြေဖယောင်း၊ ကျောက်ဂွမ်း၊ ဇင့်ကာဗွန်နိတ်၊ လချေးဖြူ၊ လချေးညို၊ ကန့်၊ ဆိုဒါပြာ၊ ဖော့စဖိတ်၊ ဘောက်ဆိုဒ်၊ ဖန်ချက်သဲ၊ ဒုတ္ထာ၊ ကွာဇိုက်၊ ပိုဇိုလန်၊ ဆေးဒန်း၊ ကျောက်ချဉ်၊ ဂဝံကျောက်၊ သဲကျောက်၊ မာဘယ်ကို ဆိုသည်။ ယင်းစကားရပ်တွင် ပြည်ထောင်စုဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီး စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းဟူ၍ သတ်မှတ်သည့် ပစ္စည်းများလည်းပါဝင်သည်။

(ဌ) **ကျောက်**ဆိုသည်မှာ အလှဆင်ကျောက်ထုတ်လုပ်ရန် အဆင့်မီသော ထုံးကျောက်၊ သလင်းကျောက်၊ ဂရက်နိုက်ကျောက်၊ မာဘယ်ကျောက်၊ မဂ္ဂမတိုက်ကျောက်၊ လိပ်သဲကျောက်၊ သင်ပုန်းကျောက်၊ အင်ကြင်းကျောက်၊ ထန်းပင်ကျောက်၊ ပိုင်ရော့ပ်ဆီးနိတ်၊ ဆာပင်တီနိုက်၊ ဟွန်းဖလင်းဒိုက်၊ အင်ဒီဆိုက်၊ ဗဆော့၊ ဒိုင်ယာဘေ့စ်၊ ဒိုလာရိုက်၊ ပယ်ရီဒိုတိုက်၊ ဒိုင်အိုရိုက်၊ မွန်ဇိုနိုက်၊ ကာစီလီကိတ်၊ သဲကျောက်၊ သျှစ်ကျောက်၊ ဂဝံကျောက်၊ ရတနာတန်းမဝင်သော သလင်းအုပ်စုဝင်တွင်းထွက်များ၊ စရစ်လုံးကျောက်၊ ဂေါဒန်ကျောက်ကိုဆိုသည်။ ယင်းစကားရပ်တွင် ပြည်ထောင်စုဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး အလှဆင်ကျောက်ထုတ်လုပ်ရန် အဆင့်မီသော ကျောက်ဟူ၍ သတ်မှတ်သည့် ပစ္စည်းများလည်းပါဝင်သည်။ သို့ရာတွင်

အလုဆင်ကျောက်ထုတ်လုပ်ရန် အဆင့်မမီသော လမ်းခင်းရာတွင်သာ အသုံးပြုလေ့ရှိသည့် ကျောက်များမပါဝင်။

(ည) **ခွင့်ပြုမိန့်**ဆိုသည်မှာ ဓါတ်သတ္တုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်းသို့မဟုတ် ရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်းတစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပိုသော လုပ်ငန်းများကို တစ်ပေါင်းတည်းဖြစ်စေ၊ လုပ်ကိုင်ရန် ဤဥပဒေအရ ထုတ်ပေးသည့် ခွင့်ပြုမိန့်ကို ဆိုသည်။

(ဋ) **ဓာတ်သတ္တုရှာဖွေခြင်း**ဆိုသည်မှာ ဓာတ်သတ္တုများနှင့် ဓာတ်သတ္တုသိုက်များအား လိုက်လံရှာဖွေခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် မြေသား၌ ဓာတ်သတ္တု တည်စွဲသည့် အရည်အသွေးကို စစ်ဆေးသော လုပ်ငန်းစဉ်များလည်း ပါဝင်သည်။

(ဏ) **ဓာတ်သတ္တုစမ်းသပ်တိုင်းတာခြင်း**ဆိုသည်မှာ ဓာတ်သတ္တုသိုက်တစ်ခု၏ အမျိုးအစား၊ တည်နေရာ၊ အရွယ်အစား၊ ပုံသဏ္ဌာန်၊ အရည်အသွေးနှင့် ပမာဏတို့ကို သိရှိနိုင်ရန် စမ်းသပ်ခြင်း၊ တိုင်းတာခြင်းတို့ကို ဆိုသည်။

(တ) **ဓာတ်သတ္တုထုတ်လုပ်ခြင်း**ဆိုသည်မှာ ဓာတ်သတ္တုရရှိရန် ဆောင်ရွက်သည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဆိုသည်။ ယင်းစကားရပ်တွင် ဓာတ်သတ္တုတူးဖော်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း၊ ရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်းအဆင့်တစ်ခုခု သို့မဟုတ် လုပ်ငန်းစဉ်အားလုံး ဆောင်ရွက်ခြင်းလည်း ပါဝင်သည်။

(ထ) **အသေးစားထုတ်လုပ်ခြင်း**ဆိုသည်မှာ ဓာတ်သတ္တုသိုက်ဖြစ်ထွန်းမှု ပမာဏနည်းပါးမှု ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်ကျစရိတ်မများသည့် စီးပွားရေးလုပ်ငန်းအဖြစ် သက်တမ်း (၁၀) နှစ်အထိ ခွင့်ပြုချက်ဖြင့် ဓာတ်သတ္တုထုတ်လုပ်ခြင်းကိုဆိုသည်။

(ဒ) **လက်လုပ်လက်စားထုတ်လုပ်ခြင်း**ဆိုသည်မှာ သာမန်လက်သုံးကိရိယာများကိုဖြစ်စေ၊ ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေများဖြင့် သတ်မှတ်သော မြင်းကောင်ရေအား ထက်မပိုသည့် စက်ကိရိယာကိုဖြစ်စေ အသုံးပြု၍ ဓာတ်သတ္တုထုတ်လုပ်ခြင်းကို ဆိုသည်။

(ဓ) **ဆင့်တက်ပြုပြင်ခြင်း**ဆိုသည်မှာ ဓာတ်သတ္တုကိုအရည်အသွေးအရဖြစ်စေ၊ တန်ဖိုးအရဖြစ်စေ၊ တိုးတက်ကောင်းမွန်လာစေရန် ဆောင်ရွက်ခြင်းကိုဆိုသည်။ ယင်းစကားရပ်တွင် သတ္တုရိုင်းများကို သတ္တုသန့်စင် သို့မဟုတ် သတ္တုစင်များဖြစ်လာစေရန် ဆေးကြောခြင်း၊ သန့်စင်ခြင်း၊ ကျိုချက်ခြင်း၊ ချွတ်ခြင်း၊ လျှပ်ကူးခြင်းနှင့် ပုံသွင်းခြင်း လုပ်ငန်းစဉ်များလည်း ပါဝင်သည်။

(န) **ဓာတ်သတ္တုရောင်းချခြင်းနှင့် ဝယ်ယူခြင်း**ဆိုသည်မှာ ထုတ်လုပ်သည့် ဓာတ်သတ္တုများကို ရောင်းချခြင်းနှင့် ဝယ်ယူခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်းများကိုဆိုလိုသည်။

## အခန်း(၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အစိုးရ၏ ဓာတ်သတ္တုသယံဇာတရေးရာမူဝါဒကို အကောင်အထည်ဖော်ရန်၊

(ခ) ဓာတ်သတ္တုထုတ်ကုန်များ ပိုမိုထုတ်လုပ်စေခြင်းဖြင့် ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းရန်နှင့် ပြည်ပပို့ကုန်တိုးမြှင့်ရန်၊

(ဂ) ဓာတ်သတ္တုသယံဇာတပစ္စည်းများနှင့် စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံမှုများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ဃ) ဓာတ်သတ္တုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်းကို လုပ်ကိုင်လိုသည့် နိုင်ငံသား သို့မဟုတ် နိုင်ငံသားအဖွဲ့အစည်း၏ လျှောက်ထားချက်များအား စိစစ်ခွင့်ပြုနိုင်ရန်နှင့် ကြီးကြပ်ကွပ်ကဲရန် ၊

(င) ဓာတ်သတ္တုသယံဇာတပစ္စည်းများ ထိန်းသိမ်းရေး၊ ထုတ်လုပ်ရေး၊ အသုံးချရေးနှင့် သုတေသနပြုရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်ရန်၊

(စ) ဓာတ်သတ္တုလုပ်ငန်းကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှု နည်းနိုင်သမျှ နည်းပါးစေရန်၊

(ဆ) တိုင်းဒေသကြီးအတွင်း ဒေသခံများအလုပ်အကိုင်အခွင့်အလမ်းပိုမိုရရှိပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ဇ) တရားမဝင်ဓာတ်သတ္တုတူးဖော်ခြင်းများ လျော့နည်းပပျောက်စေရန်၊

## အခန်း(၃)
## ခွင့်ပြုမိန့်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၄။ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ကန့်သတ်ထားသော ဓာတ်သတ္တုများမှအပ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများနှင့်အညီ တိုင်းဒေသကြီးက ဆောင်ရွက်ခွင့်ရှိသည့် သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း၊ ကျောက်များနှင့် စပ်လျဉ်း၍ ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ အသေးစားထုတ်လုပ်ခြင်း သို့မဟုတ် လက်လုပ်လက်စားထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ်ရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်းတို့ကို လုပ်ကိုင်လိုသည့် နိုင်ငံသား သို့မဟုတ် နိုင်ငံသားအဖွဲ့အစည်းသည် ခွင့်ပြုမိန့်ရရှိရန် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်

ဖွဲ့စည်းတာဝန်ပေးအပ်ထားသော"**တိုင်းဒေသကြီးလုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့**"သို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၅။ တိုင်းဒေသကြီး လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် နိုင်ငံသား သို့မဟုတ် နိုင်ငံသားအဖွဲ့အစည်းသို့ တိုင်းဒေသကြီးအတွင်း ဆောင်ရွက်ခွင့်ရှိသည့် သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်များနှင့် စပ်လျဉ်း၍ ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ အသေးစားထုတ်လုပ်ခြင်း သို့မဟုတ် လက်လုပ်လက်စား ထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် ဝယ်ယူခြင်း လုပ်ငန်းများအတွက် ခွင့်ပြုမိန့်ထုတ်ပေးရန် ပုဒ်မ-၇ အရ လျှောက်ထားချက်ကို စိစစ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောထားရယူ၍ ခွင့်ပြုမိန့်ကို ထုတ်ပေးနိုင်သည်။

၆။ တိုင်းဒေသကြီး လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် အသေးစားထုတ်လုပ်ခြင်းနှင့် လက်လုပ်လက်စား ထုတ်လုပ်ခြင်းဟူ၍ ခွဲခြားသတ်မှတ်ခြင်းကို ပုဒ်မ ၂ ပုဒ်မခွဲ(ထ)၊ (ဒ) တို့နှင့်အညီ လုပ်ငန်းသက်တမ်း၊ လုပ်ငန်းလုပ်ကိုင်သည့် ဧရိယာအကျယ်အဝန်း၊ ရင်းနှီးမြှုပ်နှံမှုပမာဏ၊ စက်ယန္တရား၊ စက်ကိရိယာအသုံးပြုမှုများကို ထည့်သွင်းသတ်မှတ်ရမည်။

၇။ တိုင်းဒေသကြီးလုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် ဓာတ်သတ္တုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်းတို့ကို ခွင့်ပြုမိန့်အရ အဆင့်ဆင့်အောင်မြင်စွာ ဆောင်ရွက်ခဲ့သော လုပ်ငန်းရှင်က ယင်းလုပ်ကိုင်ခဲ့သောနေရာတွင် ဓါတ်သတ္တုတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းခွင့်ပြုမိန့် လျှောက်ထားလာလျှင် သတ်မှတ်ချက်များနှင့် ညီညွတ်မှုရှိပါက လုပ်ကိုင်ခွင့်ပြုရမည်။

၈။ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ဓါတ်သတ္တုကို ကိုယ်တိုင်မထုတ်လုပ်ဘဲ ခွင့်ပြုမိန့်ဖြင့် ဓါတ်သတ္တုထုတ်လုပ်သူထံမှ တစ်ဆင့်ဝယ်ယူပြီး ဆင့်တက်ပြုပြင်ခြင်းလုပ်ငန်းလုပ်ကိုင်သူသည် ရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်းအတွက် ခွင့်ပြုမိန့်ကို သီးခြားလျှောက်ထားရမည်။

## အခန်း(၄)
## ခွင့်ပြုမိန့်ရရှိသူ၏ တာဝန်များ

၉။ ခွင့်ပြုမိန့်ရရှိသူသည်-

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ပြည်ထောင်စုက ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်၊

(ခ) ခွင့်ပြုမိန့်ပါ စည်းကမ်းများကို လိုက်နာရမည်၊

(ဂ) ခွင့်ပြုမိန့်နှင့်သက်ဆိုင်သော မြေအတွက် ပြည်ထောင်စုက ထုတ်ပြန်သည့် နည်းဥပဒေများအရ သတ်မှတ်ထားသည့် နှုန်းထားများအပေါ်တွင် အခြေခံတွက်ချက်ထားသည့် မြေငှားရမ်းခကို ပေးဆောင်ရမည်၊

(ဃ) မြေငှားရမ်းခကို ခွင့်ပြုမိန့်တစ်ခုစီအတွက် သီးခြားပေးဆောင်ရမည်၊

(င) အာမခံငွေနှင့် အဆိုပြုငွေ (၂)မျိုးလုံးကို ပေးဆောင်ရမည်၊

(စ) ဤဥပဒေအရ ထိုက်သင့်သော ဓါတ်သတ္တုခွန်နှင့် အခြားအခကြေးငွေများကို သတ်မှတ်ချက်များနှင့်အညီ ဓါတ်သတ္တုပစ္စည်း သို့မဟုတ် ငွေသားဖြင့် ပေးဆောင်ရမည်။

၁၀။ ခွင့်ပြုမိန့်ရရှိသူသည် အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်-

(က) သတ္တုတွင်းဝန်ထမ်းများ၊ အလုပ်သမားများခန့်ထားခြင်း၊ အလုပ်ခိုင်းစေခြင်း၊ အသက်၊ လုပ်ခ၊ လစာနှင့် အခြားအခကြေးငွေများ သတ်မှတ်ခြင်း၊

(ခ) သတ္တုတွင်း၌ မြေပေါ်၊ မြေအောက် အလုပ်လုပ်ရက်နှင့် အလုပ်ချိန်နာရီများ သတ်မှတ်ခြင်း၊

(ဂ) သတ္တုတွင်း၌ ဘေးအန္တရာယ်ကင်းရှင်းရန်နှင့် မတော်တဆ ဖြစ်ပွားမှုမှ ကာကွယ်ရန် စီမံဆောင်ရွက်ခြင်း၊

(ဃ) သတ္တုတွင်း၌ ဝန်ထမ်းများ၊ အလုပ်သမားများ၏ သက်သာချောင်ချိရေး၊ ကျန်းမာရေး၊ သန့်ရှင်းရေးနှင့် စည်းကမ်းထိန်းသိမ်းရေးတို့အတွက် စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(င) ဓါတ်သတ္တုလုပ်ငန်းကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှု မရှိစေရန် စီမံဆောင်ရွက်ခြင်း၊

(စ) ဓါတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေရန်နှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားထိခိုက်မှုမရှိစေရန် အလေးထားဆောင်ရွက်ခြင်း၊ နှစ်စဉ်ပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ရန်ပုံငွေထားရှိခြင်း၊

(ဆ) ဓါတ်သတ္တုထုတ်လုပ်မှု လုပ်ငန်းပြီးဆုံးခြင်း သို့မဟုတ် ပိတ်သိမ်းသည့်အခါ လုပ်ငန်းမြေနေရာအား သတ္တုတွင်းပိတ်သိမ်းမှု အစီအစဉ်အတိုင်း မြေယာပြုပြင်ခြင်း၊ ထိန်းသိမ်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း၊ စိမ်းလန်းစိုပြေရေးလုပ်ငန်းများအတွက် ရန်ပုံငွေထူထောင်၍ သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ပေးခြင်း၊

(ဇ) သတ္တုတွင်း၌ ဖြစ်ပွားသည့် မတော်တဆဖြစ်ပွားမှုများနှင့် ယင်းမတော်တဆ ဖြစ်ပွားမှုကြောင့် လူ့အသက်ဆုံးရှုံးခြင်းနှင့် ကိုယ်ခန္ဓာထိခိုက်ဒဏ်ရာရမှုများကို သတင်းပို့အစီရင်ခံခြင်း၊

(ဈ) စစ်ဆေးရေးအရာရှိ၏ စစ်ဆေးမှုကို ခံယူခြင်း။

## အခန်း(၅)
## ဓါတ်သတ္တုထုတ်လုပ်ရန် မြေ နှင့် ရေ သုံးစွဲခွင့်

၁၁။ ပြည်ထောင်စုဝန်ကြီးဌာနက စီမံခန့်ခွဲခွင့်ရှိသည့် ဓါတ်သတ္တုကြန့်သတ်နယ်မြေအတွင်း ကျရောက်ခြင်းမရှိသော နယ်မြေတွင် ဓါတ်သတ္တုထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူသည် သက်ဆိုင်ရာမြေကို စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်ရှိသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းနှင့် သဘောတူညီမှုရရှိပြီးမှသာ ဓါတ်သတ္တုထုတ်လုပ်ခြင်းကို လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည်။

၁၂။ ဓါတ်သတ္တုထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူသည် ဓါတ်သတ္တုထုတ်လုပ်ခြင်း လုပ်ငန်းအတွက် အများပြည်သူဆိုင်ရာ ရေကိုရယူသုံးစွဲရန်လိုအပ်ပါက ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ ဦးစွာတင်ပြရမည်။

၁၃။ ဦးစီးဌာနသည် ပုဒ်မ ၁၂ အရ တင်ပြချက်ကို စိစစ်၍ ဓါတ်သတ္တုထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူသည် အများပြည်သူဆိုင်ရာ ရေကိုရယူသုံးစွဲရန် အမှန်တကယ်လိုအပ်နေကြောင်း တွေ့ရှိရပါက တည်ဆဲဥပဒေနှင့်အညီ ရေသုံးစွဲခွင့်ရရှိရေးအတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

## အခန်း(၆)
## ဓါတ်သတ္တုခွန်

၁၄။ ဓါတ်သတ္တုထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူသည် ထုတ်လုပ်ရရှိသော ဓါတ်သတ္တုများ ရောင်းချသည့်အခါ ဓါတ်သတ္တုတန်ဖိုးအပေါ် အောက်ပါနှုန်းထားများအရ ဓါတ်သတ္တုခွန် ပေးဆောင်ရမည်-

(က) ရွှေနှင့် ပြည်ထောင်စုဝန်ကြီးဌာနက အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သည့် အဖိုးတန်သတ္တုများအတွက် ငါးရာခိုင်နှုန်း၊

(ခ) ငွေ ၊ ခဲမဖြူ၊ အဖြိုက်နက်၊ ရှီးလိုက်ရောရာ၊ ခရိုမိုက်နှင့် ပြည်ထောင်စုဝန်ကြီးဌာနက အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သည့် သတ္တုများအတွက် လေးရာခိုင်နှုန်း၊

(ဂ) ခဲ၊ ခနောက်စိမ်းနှင့် ပြည်ထောင်ဝန်ကြီးဌာနက အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သည့် သတ္တုများအတွက် သုံးရာခိုင်နှုန်း၊

(ဃ) စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်အတွက် နှစ်ရာခိုင်နှုန်း၊

၁၅။ ပုဒ်မ ၁၄ အရ ဓါတ်သတ္တုခွန်ပေးဆောင်ခြင်းကို အပြည်ပြည်ဆိုင်ရာ သတ္တုဈေးနှုန်းအရ သတ္တုစင်ပါဝင်မှု ရာခိုင်နှုန်းအပေါ်တွင် တွက်ချက်၍ ဦးစီးဌာနမှတစ်ဆင့် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ပေးဆောင်ရမည်။

## အခန်း(၇)
## စစ်ဆေးရေးအရာရှိ၏ လုပ်ငန်းတာဝန်များ

၁၆။ တိုင်းဒေသကြီး သတ္တုတွင်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးသည် ဤဥပဒေအလို့ငှာ စစ်ဆေးရေး အရာရှိဖြစ်သည်။

၁၇။ စစ်ဆေးရေးအရာရှိ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ပြည်ထောင်စုဝန်ကြီးဌာနက ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များကိုလည်းကောင်း၊ ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များကိုလည်းကောင်း၊ ခွင့်ပြုမိန့်ရရှိသူများက လိုက်နာခြင်း ရှိ/ မရှိ စစ်ဆေးခြင်း၊

(ခ) သတ္တုတွင်း၌ လုပ်ကိုင်လျက်ရှိသော ဝန်ထမ်းများ၊ အလုပ်သမားများ၏ ကျန်းမာ သန့်ရှင်းရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ မတော်တဆဖြစ်ပွားမှုမှ ကာကွယ်ရေး၊ သက်သာချောင်ချိရေး၊ စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို ကြည့်ရှု စစ်ဆေးခြင်း၊

(ဂ) သတ္တု ၊ စက်မှုတွင်းထွက် ကုန်ကြမ်းပစ္စည်းနှင့် ကျောက်တို့ကို ထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်းလုပ်ငန်းများတွင် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်သည့် စနစ်နှင့် လူမှုရေးအရ ထိခိုက်မှုဆန်းစစ်သည့် စနစ်များကို ကြည့်ရှုစစ်ဆေးခြင်း၊

(ဃ) ဝန်ကြီးဌာနမှ အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင် ခြင်း၊

(င) စစ်ဆေးရေးအရာရှိချုပ်မှ သတ်မှတ်ပေးသော လုပ်ငန်းတာဝန်များကို စစ်ဆေးခြင်း နှင့် ကြီးကြပ်ကွပ်ကဲခြင်း။

## အခန်း(၈)
## စီမံခန့်ခွဲရေး နည်းလမ်းအရ အရေးယူခြင်း

၁၈။ ခွင့်ပြုမိန့်ရရှိသူကဖြစ်စေ၊ ၎င်း၏ကိုယ်စား စီမံအုပ်ချုပ်သူ သို့မဟုတ် အလုပ်သမား တစ်ဦးကဖြစ်စေ ပြည်ထောင်စုဝန်ကြီးဌာနက ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့် သို့မဟုတ် ညွှန်ကြားချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်လျှင်သော်လည်းကောင်း၊ ခွင့်ပြုမိန့်ပါ စည်းကမ်းတစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်သော်လည်းကောင်း၊ ခွင့်ပြုမိန့်ထုတ်ပေးသူသည် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) ခွင့်ပြုမိန့်အရ လုပ်ကိုင်ဆောင်ရွက်နေသော လုပ်ငန်းအားလုံး သို့မဟုတ် တစ်စိတ် တစ်ဒေသကို ဆိုင်းငံ့ထားစေခြင်း၊

(ခ) အာမခံငွေ ပမာဏအောက်မနည်းသော ဒဏ်ကြေးငွေပေးဆောင်စေပြီး လုပ်ငန်းဆက်လက် လုပ်ကိုင်ခွင့်ပြုခြင်း၊

(ဂ) ခွင့်ပြုမိန့်ကို ပယ်ဖျက်ခြင်း၊

(ဃ) ခွင့်ပြုမိန့်ကို ပယ်ဖျက်၍ အာမခံငွေနှင့် ကြိုတင်ငွေများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း၊ လိုအပ်သည်ဟု ယူဆလျှင် အာမခံငွေပမာဏအောက်မနည်းသော ဒဏ်ကြေးငွေကို ပေးဆောင်စေခြင်း။

## အခန်း(၉)
## ပြစ်မှု နှင့် ပြစ်ဒဏ်များ

၁၉။ (က) မည်သူမဆို ဤဥပဒေအရ ထုတ်ပေးသည့် ခွင့်ပြုမိန့်မရရှိဘဲ အောက်ပါလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် တစ်ဆယ်နှစ်အထိ ဖြစ်စေ၊ ငွေဒဏ်ကျပ်သိန်းငါးဆယ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်-

(၁) သတ္တုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် ဝယ်ယူခြင်း၊

(၂) စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် ဝယ်ယူခြင်း၊

(၃) ကျောက်ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် ဝယ်ယူခြင်း၊

(၄) ရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်း ခွင့်ပြုမိန့်ရယူခြင်း မရှိဘဲ ဓါတ်သတ္တုဆင့်တက်ပြုပြင်ခြင်းလုပ်ငန်း လုပ်ကိုင်ခြင်း၊

(၅) ခွင့်ပြုမိန့်ဖြင့် လက်လုပ်လက်စား ထုတ်လုပ်ခြင်း လုပ်ငန်းလုပ်ကိုင်သူမှအပ ဓာတ်သတ္တုထုတ်လုပ်ခြင်း၊

(ခ) မည်သူမဆို လက်လုပ်လက်စား ထုတ်လုပ်ခြင်းအတွက် ဤဥပဒေအရ ထုတ်ပေးသည့် ခွင့်ပြုမိန့်မရရှိဘဲ ဓါတ်သတ္တုထုတ်လုပ်ခြင်း၊ ရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်း လုပ်ကိုင်ကြောင်း၊ ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်လမှ အများဆုံး သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ကျပ်တစ်သိန်းအထိ ဖြစ်စေ ချမှတ်ရမည်။

၂၀။ မည်သူမဆို ပုဒ်မ ၁၉ ပုဒ်မခွဲ(က)ပါ ပြစ်မှုတစ်ခုခုကို ထပ်မံကျူးလွန်ပါက တစ်ဆယ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်းငါးဆယ်အထိ ချမှတ်ရမည်။

၂၁။ မည်သူမဆို ပြည်ထောင်စုဝန်ကြီးဌာနက ထုတ်ပြန်သော တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို " ထောင်ဒဏ် သုံးနှစ်အထိ ဖြစ်စေ၊ ငွေဒဏ် ကျပ်ငွေသိန်းနှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၂။ မည်သူမဆို ပြည်ထောင်စုဝန်ကြီးဌာနက ထုတ်ပြန်သော တားမြစ်ချက်တစ်ရပ်ရပ်ကို ထပ်မံ ဖောက်ဖျက်ကျူးလွန်ပါက ထောင်ဒဏ်အများဆုံး သုံးနှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ် အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ်သိန်းနှစ်ဆယ်အထိ ချမှတ်နိုင်သည်။

၂၃။ (က) ခွင့်ပြုမိန့်ရရှိသူသည် ပုဒ်မ ၁၀ နှင့်စပ်လျဉ်းသည့် နည်းဥပဒေ တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် တစ်နှစ်အထိ ဖြစ်စေ၊ ငွေဒဏ်ကျပ်ဆယ်သိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ခ) ခွင့်ပြုမိန့်ရရှိသူ မည်သူမဆို ပုဒ်မ ၁၀ နှင့် စပ်လျဉ်းသည့် နည်းဥပဒေပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်မှု ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်တစ်နှစ်အထိ ချမှတ်ရမည့် အပြင်ငွေဒဏ် အနည်းဆုံး ကျပ်နှစ်သိန်းမှ ကျပ်ဆယ်သိန်းအထိ ချမှတ်နိုင်သည်။

၂၄။ မည်သူမဆို ဤဥပဒေအရ သတ်မှတ်ထားသည့် ဓါတ်သတ္တုကြန့်သတ်နယ်မြေအတွင်းသို့ ခွင့်ပြုချက် တစ်စုံတစ်ရာမရှိဘဲ ကျူးကျော်ဝင်ရောက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ခြောက်လအထိဖြစ်စေ၊ ငွေဒဏ်ကျပ် ငါးသိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၂၅။ မည်သူမဆို ပုဒ်မ ၂၄ အရ တားမြစ်ချက်ကို ထပ်မံဖောက်ဖျက်ကျူးလွန်ပါ က ထောင်ဒဏ် ခြောက်လအထိ ချမှတ်ရမည့်အပြင် ငွေဒဏ်ကျပ် ငါးသိန်းအထိ ချမှတ်နိုင်သည်။

၂၆။ တရားရုံးသည် ပုဒ်မ ၂၀ သို့မဟုတ် ပုဒ်မ ၂၁ အရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ပြစ်မှုထင်ရှားတွေ့လျှင် သက်ဆိုင်ရာ ပြစ်မှုအတွက် ချမှတ်ရမည့် ပြစ်ဒဏ်အပြင်-

(က) ပြစ်မှုနှင့် သက်ဆိုင်သော ဓါတ်သတ္တုကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့် ချမှတ်ရမည်၊

(ခ) ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် ယာဉ်၊ တိရစ္ဆာန်နှင့် အခြားစက်ပစ္စည်း ကိရိယာတန်ဆာ ပလာများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်နိုင် သည်။

## အခန်း(၁၀)

## အထွေထွေ

၂၇။ ဤဥပဒေကို မပြဋ္ဌာန်းမီက တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ဓါတ်သတ္တုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း သို့မဟုတ် ထုတ်လုပ်ခြင်းနှင့် စပ်လျဉ်း၍ ထုတ်ပေးထားသည့် သက်တမ်းမကုန်ဆုံးသေးသော လိုင်စင် သို့မဟုတ် ပါမစ်သည် သက်တမ်းကုန်ဆုံးသည့် နေ့အထိသာ အတည်ဖြစ်စေရမည်။

၂၈။ ဓါတ်သတ္တုထုတ်လုပ်ခြင်းနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနသည် ခွင့်ပြုမိန့်ရရှိသော လုပ်ငန်းရှင်နှင့် ဖက်စပ် သို့မဟုတ် အကျိုးတူလုပ်ငန်းလုပ်ကိုင်ခြင်းအတွက် ထုတ်လုပ်မှုအပေါ်တွင် ရာခိုင်နှုန်းဖြင့် ခွဲဝေခံစားသည့်စနစ် သို့မဟုတ် အကျိုးအမြတ်အပေါ် ခွဲဝေခံစားသည့်စနစ် သို့မဟုတ် နှစ်ဦးနှစ်ဖက် ထည့်ဝင်မှုအပေါ်အခြေခံသည့် အမြတ်ခွဲဝေမှုစနစ်ဖြင့် လုပ်ကိုင်ရမည်။

၂၉။ ဤဥပဒေအရ ရရှိရန်ရှိသော ငွေများကို ဝင်ငွေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့အရ ကောက်ခံရမည်။ ဤကိစ္စအလို့ငှာ ဝန်ကြီးဌာနက တာဝန်ပေးအပ်သော အရာရှိသည် တည်းဆဲဥပဒေများအရ ကော်လိတ်တော်အရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခွင့် ရှိစေရမည်။

၃၀။ ဤဥပဒေအရ တရားစွဲဆို တင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်းသည့် သက်သေခံပစ္စည်းသည် တရားရုံးရှေ့သို့ တင်ပို့ရန်မလွယ်ကူသော ပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန် မလိုဘဲ မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ အခြားစာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းတို့တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်း တင်ပြဘိသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာ တရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းပြုနိုင်သည်။

၃၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ရယူ၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်များ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) ဦးစီးဌာနသည် လိုအပ်သော ဒေသန္တရ အမိန့်နှင့် ညွှန်ကြားချက်များကို တိုင်းဒေသကြီး အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

၃၂။ ဦးစီးဌာနသည် သတ္တုသယံဇာတများ ရေရှည်တည်တံ့ရန် အလို့ငှာ ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ကြပ်မတ်ခြင်း၊ တားဆီးခြင်း၊ အရေးယူဆောင်ရွက်ခြင်းများ ပြုလုပ်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာ အုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့အစည်း၊ သက်ဆိုင်ရာ ရဲတပ်ဖွဲ့နှင့် ညှိနှိုင်းပြီး အကူအညီ ရယူနိုင်သည်။

၃၃။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တိုင်းဒေသကြီး လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့ကို ဖွဲ့စည်းနိုင်သည်။ ယင်းအဖွဲ့၏ လုပ်ပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများကို သတ်မှတ်ပေးနိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

( ပုံ ) ဒေါက်တာမြင့်နိုင်
ဝန်ကြီးချုပ်
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့

# စစ်ကိုင်းတိုင်းဒေသကြီး

# သတ္တုတွင်းဥပဒေ(မူကြမ်း)